ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၅၊ အမှတ် ၄ ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်

## (၂၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနား ကျင်းပခြင်း



(၂၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားအား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့ နံနက် (၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း နှင့် အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းတို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် (၅) ကြိမ်နှင့်အထက် သွေးလှူဒါန်းမှု ဂုဏ်ပြုဆုရရှိသူများ၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည်ဆု နှင့် လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူများ ၊ သင်တန်းသားထူးချွန်ဆု ရရှိသူများအား တိုင်းဒေသကြီးဝန်ကြီး ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း/အမှုထမ်းများနှင့် ဂုဏ်ပြုဆုရရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# (၂၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပခြင်း




၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ (၂၆) ရက်နေ့တွင် ကျရောက်သော(၂၉) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် အကောက်ခွန်ဦးစီးဌာနမိသားစု၏ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ၁၃-၁-၂၀၂၀ ရက်နေ့ ၊ နံနက် (၁၀:၀၀) နာရီတွင် ရန်ကုန်မြို့ ၊ ဦးဝိစာရလမ်းရှိ အမှတ် (၂) တပ်မတော်ဆေးရုံ ကုတင် (၅၀၀) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်အောင် ဦးဆောင်၍ ဝန်ထမ်းများ နှင့် မိသားစုဝင်များမှ စုပေါင်းသွေးလှူဒါန်းခဲ့ကြပါသည်။

# National Single Window Routing Platform (NSW-RP) စနစ်၏ User Interface အား သိရှိနားလည်စေရန်အတွက် သင်တန်းပို့ချခြင်း



၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၊ ၁၄ ရက်နေ့ နံနက် (၀၈:၀၀) နာရီ မှ (၁၁:၀၀) နာရီအထိ အကောက်ခွန်ဦးစီးဌာန ရုံးချုပ် ၊ ဇေယျာသီဟခန်းမတွင် NSW-RP သင်တန်းအား ကျင်းပပြုလုပ်ခဲ့ပါသည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ATIGA From D များအား NSW-RP မှ တစ်ဆင့် အာဆီယံ နိုင်ငံများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရန် လက်တွေ့အသုံးပြုရမည့် ဝန်ထမ်းများအား National Single Window Routing Platform (NSW-RP) စနစ်၏ User Interface အားသိရှိနားလည်စေရန်အတွက် MACCS ဌာနခွဲမှ ဦးဆောင်၍ USAID နှင့် သက်ဆိုင်ရာ Vendor များမှ လက်တွေ့လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲနှင့် သီလဝါ SEZ တို့မှ အကောက်ခွန်ဝန်ထမ်းများအား NSW-RP အသုံးပြုနည်းဆိုင်ရာ ကိစ္စရပ်များအား သင်ကြားပို့ချ၍ အပြန်အလှန် ဆွေးနွေးမှုများဆောင်ရွက်ခဲ့ပါသည်။

# World Bank အဖွဲ့မှ ဆောင်ရွက်ခဲ့သော Survey နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပခြင်း



၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလ ၃၀ ရက်နေ့ (၀၉:၃၀) နာရီအချိန်တွင် အကောက်ခွန်စီးဌာန ရုံးချုပ် ၊ ဇေယျာသီဟခန်းမ၌ World Bank အဖွဲ့မှ ဆောင်ရွက်ခဲ့သော Survey နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲသည် ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများ ၊ မူဆယ် နှင့် မြဝတီကုန်သွယ်ရေး ဇုန်များရှိ X-Ray Scanning Machine များနှင့် ပတ်သက်သည့် လေ့လာတွေ့ရှိချက်များနှင့် ကနဦး အကြံပြုချက်များအား ရှင်းလင်းတင်ပြရန် ရည်ရွယ်၍ ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲသို့ အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး)၊ ညွှန်ကြားရေးမှူးများ ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်းများနှင့် World Bank မှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၆၉.၀၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၁၆၇) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၂၀၆၉.၀၇၆) သန်းခန့်ဖြစ်ပါသည်။

## လေဆိပ် တားဆီး/ဖမ်းဆီးမှု





လေဆိပ် တားဆီးမှုအနေဖြင့် ၂၁-၁-၂၀၂၀ ရက်နေ့တွင် THAI Airway ဖြင့် ဘန်ကောက်မှ ရန်ကုန်သို့ ခရီးစဉ်အမှတ် ၊ TG-305 , SF-1175 ဖြင့် လိုက်ပါလာသည့် နိုင်ငံခြားသားခရီးသည်ထံမှ လက်ဆွဲအိတ်များအတွင်း သိုဝှက်ယူဆောင်လာသော အမေရိကန်ဒေါ်လာဟု ယူဆရသည့် ( USD100 ) တန် ဒေါ်လာ (USD 90000) ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၃၁.၇၉၆) သန်းအား စစ်ဆေးတွေ့ရှိခဲ့သဖြင့် တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၆၉.၀၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးမှု







ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၂၀) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၀၇.၀၀၈) သန်းရှိသည့်အနက် ၇-၁-၂၀၂၀ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ Union Unicorn Co., Ltd မှ ID No-100130747952 (29-12-2019) ဖြင့် Blankets များဟု ကြေညာတင်သွင်းလာသော ပေ (၄၀) ကုန်သေတ္တာ (၂) လုံးအား မျက်မြင်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ပိတ်ဖြတ်စများ Cutting Fabric (150kg x 305 pk) (45750) kg အား စစ်ဆေးတွေ့ရှိသဖြင့် ခန့်မှန်းတန်ဖိုး (၂၂.၃၂၆) သန်းအား တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၆၉.၀၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေ တားဆီး/ဖမ်းဆီးမှု





နယ်မြေတားဆီးမှုအနေဖြင့် (၁၄၅) မှုရှိ၍ စုစုပေါင်း ခန့်မှန်းတန်ဖိုးမှာကျပ် (၁၇၃၀.၂၄၉) သန်းရှိသည့်အနက် ၃-၁-၂၀၂၀ ရက်နေ့၌ (၁၆) မိုင်ကျောက်ချော စစ်ဆေးရေးစခန်းတွင် စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Hiace ယာဉ် (၁) စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Brand New Mobile Handset (Redmi , MI, Xiaomi, Oppo, True One, Hello, Nokia, Samsung, iPhone စုစုပေါင်း (2686) Unit နှင့် Used Mobile Handsets (Redmi, MI) (4) Unit ၊စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀) သန်းအား စစ်ဆေးတွေ့ရှိသဖြင့် တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၆၉.၀၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားတားဆီး/ဖမ်းဆီးမှု**













ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၄-၁-၂၀၂၀ ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Alphard ယာဉ် (၁) စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Brand New OPPO Handset (750) U အား လည်းကောင်း၊ Nissan Wingroad ယာဉ် (၁) စီးပေါ်တွင် တရားမဝင်တင်ဆောင်လာသည့် ရှေးဟောင်းပစ္စည်းဟုယူဆရသော ပစ္စည်း (၂၂) မျိုး နှင့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး အရွယ်အစားမျိုးစုံ (76) Kg ၊ ကျောက်ဖြင့်ပြုလုပ် သော ပုတီး ၊ လက်စွပ် ၊ လက်ကောက်အချောထည် (31) kg အား လည်းကောင်း၊ ခရီးသည်တင်ယာဉ် (၁) စီး ပေါ်မှ အမိုနီယမ် နိုက်ထရိတ်ဟုယူဆရသော ဓါတ်မြေသြဇာ အိတ် (၉၅) အိတ် နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၃) စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၉.၆၀၀) သန်းအား စစ်ဆေးတွေ့ရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၂၀၆၉) သန်းအား စစ်ဆေးတွေ့ရှိသဖြင့် ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၂၀၆၉.၀၇၆) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားတားဆီး/ဖမ်းဆီးမှု**







ထူးခြားဖမ်းဆီးမှုအနေဖြင့် ၅-၁-၂၀၂၀ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Honda Inspire ယာဉ် (၁) စီး၊ Toyota Hilux Surf ယာဉ် (၁) စီး နှင့် Toyota Alphard ယာဉ် (၁) စီး၊ ခန့်မှန်းတန်ဖိုးကျပ် (၇၅) သန်းအား စစ်ဆေးတွေ့ရှိသဖြင့် ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဇန်နဝါရီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှုအခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၇ မှု | ၇ မှု | ၁၃.၆၇၃ သန်း |
| | စုစုပေါင်း | - | ၇ မှု | ၇ မှု | ၁၃.၆၇၃ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း (၁-၁၀-၂၀၁၉) ရက်နေ့ မှ (၁-၁-၂၀၂၀) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ၊ သစ်တောထွက် ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၃) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၂၁.၃၁၂) သန်းအား တားဆီး အရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ




နို့နှင့် နို့ထွက်ပစ္စည်းများ တင်သွင်းလိုပါသဖြင့် Duty Rate အား မေးမြန်းရာ အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။



ဂျင်းအစို / အခြောက်များ တင်ပို့လိုပါသဖြင့် Duty Rate အား မေးမြန်းရာ အကောက်ခွန် ၊ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန်မလိုအပ်ကြောင်းနှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။




Diesel Fuel များကို Re export တင်ပို့မည် ဖြစ်ပါသဖြင့် HS Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 2710.19.17 ဖြစ်ပြီး အကောက်ခွန် 1.5% ကုန်သွယ်လုပ်ငန်းခွန် 0% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။



Sim Card ထည့်၍ အသုံးပြုရသော Tablet များ တင်သွင်းလိုပါသဖြင့် ဆက်သွယ်ရေးထောက်ခံချက်လို/မလို ၊ HS Code နှင့် Duty Rate အား မေးမြန်းရာ ဆက်သွယ်ရေး ထောက်ခံချက်လိုအပ်ကြောင်း HS Code မှာ 8523.52.00 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ ပါသည်။